JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

မတ် ၂၈၊ ၂၀၂၃ | မြန်မာ

# မြန်မာစစ်အုပ်စုရဲ့ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်အပေါ် ယူကေနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေကို JFM ကြိုဆို

## *အလုံးစုံလေယာဉ်ဆီတင်ပို့မှုပိတ်ပင်ရေး အရေးတကြီး လိုအပ်*

Asia Sun Group of Companies က လူပုဂ္ဂိုလ်တစ်ဦးနဲ့ ကုမ္ပဏီခွဲတွေကို ယူကေနဲ့ အမေရိကန်ပြည်ထောင်စုတို့က တရားမဝင်မြန်မာစစ်အုပ်စုရဲ့ "တပ်မတော်နေ့"နဲ့ တိုက်ဆိုင်စွာ ချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို Justice For Myanmar က ကြိုဆိုပါတယ်။

Asia Sun Group of Companies က မြန်မာစစ်အုပ်စုရဲ့ အရေးပါတဲ့ ပြည်တွင်းမိတ်ဖက်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ စစ်တပ်အတွက် လေယာဉ်ဆီတင်ပို့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ပါတယ်။

Justice For Myanmar ရဲ့ သုတေသနပံ့ပိုးမှုနဲ့ Amnesty International က ရေးသားထုတ်ဝေခဲ့တဲ့ အစီရင်ခံစာ "မရဏကုန်စည်"ထဲမှာ စစ်အုပ်စုရဲ့ လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်ထဲက Asia Sun ရဲ့ အခန်းကဏ္ဍအကြောင်းကို အသေးစိတ် ဖော်ပြထားပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုက Asia Sun ကွန်ရက်ထဲက မြန်မာမှတ်ပုံတင်ကုမ္ပဏီ ၃ ခုဖြစ်တဲ့ Asia Sun Group Company Limited, Asia Sun Trading Company Limited နဲ့ Cargo Link Petroleum Logistics Company Limited တို့အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ယူကေနိုင်ငံက စင်ကာပူနိုင်ငံမှတ်ပုံတင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Asia Sun Aviation အမည်ပြောင်း Shoon Energy Pte Ltd နဲ့ အဲ့ဒီကုမ္ပဏီရဲ့ အဓိကပိုင်ရှင်နဲ့ ဒါရိုက်တာဖြစ်သူ ခင်ဖြူဝင်း အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

ဆွစ်ဇာလန်နဲ့ စင်ကာပူနိုင်ငံအခြေစိုက် Puma Energy ကုမ္ပဏီက National Energy Puma Asia Sun (NEPAS) က သူရဲ့ ရှယ်ယာတွေကို Shoon Energy ကုမ္ပဏီဆီ ရောင်းချလွှဲပြောင်းခဲ့တယ်လို့ Amnesty International က ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ ထုတ်ဖော်ခဲ့ပါတယ်။ NEPAS ကုမ္ပဏီဟာ စစ်အုပ်စု ထိန်းချုပ်ထားတဲ့ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း (MPE) နဲ့ ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်ပြီး၊ လေယာဉ်ဆီ တင်ပို့၊ သိုလှောင်နဲ့ ရောင်းချတာတွေကို လုပ်ကိုင်ပါတယ်။

Shoon Energy က စစ်အုပ်စုရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခံ ရတဲ့ ဒုတိယမြောက် စင်ကာပူမှတ်ပုံတင် ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ ဒါဟာ စင်ကာပူနိုင်ငံအနေနဲ့ စစ်အုပ်စု အတွက် ဘဏ္ဍာငွေ၊ စစ်လက်နက်နဲ့လေယာဉ်ဆီတွေ ထောက်ပံ့နေတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အချက်အခြာနေရာတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်ပေးနေတဲ့ အခန်းကဏ္ဍကို မီးမောင်းထိုးပြသ လိုက်တာ ဖြစ်ပါတယ်။

Star Sapphire Group Pte Ltd ဟာ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ပထမဆုံးဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခံရတဲ့ စင်ကာပူကုမ္ပဏီဖြစ်ပြီး၊ သူ့ကို အမေရိကန်ပြည်ထောင်စုက ပြီးခဲ့တဲ့သောကြာနေ့က ဒဏ်ခတ် ပိတ်ဆို့မှု ချမှတ်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလမှာ ယူကေနိုင်ငံက Asia Sun Trading ကုမ္ပဏီ၊ အဲ့ဒီကုမ္ပဏီရဲ့ အဓိကဒါရိုက်တာနဲ့ ရှယ်ယာရှင်ဖြစ်တဲ့ ဇော်မင်းထွန်း၊ အရင်ဒါရိုက်တာနဲ့ ရှယ်ယာရှင် ကျော်ကျော်အောင်နဲ့ Cargo Link ကုမ္ပဏီတို့အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့ပါတယ်။

ဒါပေမယ့်လည်း မြန်မာစစ်အုပ်စုဆီ လေယာဉ်ဆီထောက်ပံ့မှုရပ်တန့်ရေးအတွက် မြန်မာနိုင်ငံကို လေယာဉ်ဆီရောင်းချမှု အလုံးစုံပိတ်ပင်ရေး၊ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း (MPE) အပေါ် ဒဏ်ခတ်ပိတ်ဆို့ မှုတွေချမှတ်ရေး၊ Asia Sun ကုမ္ပဏီအားလုံးနဲ့ ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ခံရခြင်းမရှိသေးတဲ့ သူရဲ့ အဓိက လူပုဂ္ဂိုလ်တွေဖြစ်ကြတဲ့ မေသွယ်အောင်နဲ့ မျိုးမြင့်အောင်တို့အပါအဝင် ဒါရိုက်တာတွေ၊ ရှယ်ယာရှင်တွေ အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ တိုးချဲ့ချမှတ်ရေးတွေကတဆင့် လုပ်ဆောင်တာအပါအဝင် အရေးယူ ဆောင်ရွက်ချက်တွေ ထပ်မံလုပ်ဆောင်ဖို့ အရေးတကြီး လိုအပ်ပါတယ်။

လေယာဉ်ဆီထောက်ပံ့ရေးကွင်းဆက်မှာ တိုက်ရိုက်ပါဝင်တဲ့ Asia Sun Group of Companies ရဲ့ အနည်းဆုံးကုမ္ပဏီခွဲ ၈ ခုကို Justice For Myanmar က မှတ်တမ်းတွေ ပြုစုထားပြီး၊ သူတို့ထဲက ကုမ္ပဏီ ၄ ခုကိုပဲ တရားစီရင်ခွင့်နယ်မြေတစ်ခု သို့မဟုတ် တစ်ခုထက်ပိုတဲ့နယ်မြေတွေမှာ ဒဏ်ခတ်ပိတ်ဆို့မှုတွေ

ချမှတ်ထားပြီး ဖြစ်ပါတယ်။ Asia Sun Group of Companies မှာ အနည်းဆုံး လက်အောက်ခံကုမ္ပဏီ ၄၀ နဲ့ ဆက်နွယ်ကုမ္ပဏီ ၁၃ ခု ရှိပါတယ်။

တရားမဝင်စစ်အုပ်စုက မြန်မာပြည်သူတွေအပေါ် အကြမ်းဖက်စစ်ပွဲတစ်ရပ်ဆင်နွှဲဖို့အတွက် သူရဲ့လေတပ်ကို အားကိုးမှီခိုပါတယ်။ ၂၀၂၃ ခုနှစ် ပထမနှစ်လအတွင်း မာရှယ်လောထုတ်ပြန်ထားတဲ့ ချင်းပြည်နယ် မြို့နယ်တို့မှာ တစ်ရက်ကို တစ်ကြိမ်နှုန်းနဲ့ လေကြောင်းတိုက်ခိုက်မှုတွေရှိကြောင်း ချင်းလူ့အခွင့်အရေး ဖောင်ဒေးရှင်းက မှတ်တမ်းပြုစု ထားပါတယ်။ ဖေဖော်ဝါရီလနှောင်းပိုင်းမှာ ကရင်နီပြည်နယ်အတွင်း လုပ်ဆောင်ခဲ့တဲ့ အရပ်ဘက်-စစ်ဘက်မခွဲခြားပဲ လေကြောင်းတိုက်ခိုက်မှု စစ်ဆင်ရေးတွေကြောင့် အရပ်သားပြည်သူတွေ သေဆုံးခဲ့ရပြီး၊ လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပါတယ်။

စစ်အုပ်စုအတွက် လေယာဉ်ဆီ ရောင်းချပေးသွင်းခြင်းအားဖြင့် Asia Sun Group of Companies က ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုမြောက်တဲ့ စစ်အုပ်စုရဲ့ လေကြောင်းတိုက်ခိုက်မှုတွေမှာ ကြံရာပါ ပတ်သက်နေပြီး၊ အဲ့ဒီတာဝန်ရှိသူအားလုံးကို နိုင်ငံတကာဥပဒေအရ အရေးယူတာဝန်ခံစေရမှာဖြစ်ပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူမရတနာမောင်က** "စစ်အုပ်စုရဲ့လေယာဉ်ဆီထောက်ပံ့ရေး ကွင်းဆက်အပေါ် ပစ်မှတ်ထားတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ယူကေတို့ရဲ့ နောက်ဆုံးအသုတ် ဒဏ်ခတ် ပိတ်ဆို့မှုတွေကို ကြိုဆိုပါတယ်။

ဒါပေမယ့် စစ်အုပ်စုအတွက် မြန်မာပြည်သူတွေအပေါ် ကျူးလွန်နေကြတဲ့ လေကြောင်းတိုက်ခိုက်မှုတွေမှာ လိုအပ်တဲ့ လေယာဉ်ဆီရရှိနေမှုကို ရပ်တန့်ဖို့ နောက်ထပ်လုပ်ဆောင်စရာတွေ အရေးတကြီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ အီးယူနဲ့ ဩစတြေးလျတို့အနေနဲ့ မြန်မာနိုင်ငံအပေါ် လေယာဉ်ဆီ ရောင်းချမှုပိတ်ပင်ရေး ပြဌာန်းခဲ့တဲ့ ကနေဒါရဲ့လမ်းစဉ်အတိုင်း လုပ်ဆောင်သင့်ပါတယ်။

အမေရိကန်၊ ယူကေ၊ အီးယူ၊ ကနေဒါနဲ့ ဩစတြေးလျတို့အနေနဲ့ MPE, Asia Sun ကုမ္ပဏီကွန်ရက်အားလုံးနဲ့ လူပုဂ္ဂိုလ်တွေအပြင် စစ်အုပ်စုဆီကို လေယာဉ်ဆီ ဆက်လက်ထောက်ပံ့နေတဲ့ အခြားကုမ္ပဏီနဲ့ လူပုဂ္ဂိုလ် အားလုံးအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ဖို့ ညှိနှိုင်းလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

စစ်အုပ်စုက ဘဏ္ဍာငွေရနေတဲ့အချက်က သူတို့အတွက် စစ်လက်နက်နဲ့ လေယာဉ်ဆီဝယ်ယူနိုင်ဖို့ အားပေးကူညီနေတာ ဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ဟာ စစ်အုပ်စုရဲ့ အကြီးဆုံးဝင်ငွေရင်းမြစ်တစ်ခုအဖြစ် ဆက်လက်ရှိနေပါတယ်။ မြန်မာပြည်သူတွေအပေါ် စစ်အုပ်စုရဲ့ အကြမ်းဖက်စစ်ဆင်ရေး ဆောင်ရွက်နိုင်စွမ်းကို တားမြစ်ဖို့အတွက်ဆိုရင် MOGE အပေါ် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုတွေ မဖြစ်မနေချမှတ်ရပါမယ်။

အီးယူရဲ့ လုပ်ဆောင်ချက်အတိုင်း MOGE အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချက်ချင်းချမှတ်ဖို့ အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ ကနေဒါနဲ့ သြစတြေးလျတို့ကို တောင်းဆိုပါတယ်။ ဒါကို အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ အမျိုးသားညီညွတ်ရေးအစိုးရတို့ကလည်း အကြိမ်ကြိမ် တောင်းဆိုထားတာ ဖြစ်ပါတယ်။

Asia Sun ကုမ္ပဏီအနေနဲ့ စစ်ကောင်စီရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို ပံ့ပိုးကူညီနေတဲ့ <u>အခြားကုမ္ပဏီတွေနဲ့အတူ</u> စင်ကာပူနိုင်ငံမှာ ဆက်လက်လည်ပတ်နေတဲ့အချက်က စိုးရိမ်စရာ ဖြစ်ပါတယ်။

စင်ကာပူကုမ္ပဏီတွေအပေါ် အမေရိကန်ပြည်ထောင်စုနဲ့ ယူကေတို့က လက်တလောချမှတ်လိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေက စင်ကာပူအစိုးရကို ၎င်းတို့လိုက်နာရမယ့် နိုင်ငံတကာတာဝန်တွေနဲ့အညီ လိုက်နာလုပ်ဆောင်ဖို့၊ စင်ကာပူကုမ္ပဏီတွေက စစ်အုပ်စုကို ပံ့ပိုးတာ ခွင့်ပြုထားတာကို ရပ်တန့်ဖို့ သတိပေးခေါင်းလောင်းသံ ဖြစ်သင့်ပါတယ်။

မြန်မာနိုင်ငံကို စစ်လက်နက်နဲ့ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ လွှဲပြောင်းရောင်းချမှုကို တားမြစ်ရေးနဲ့ ပတ်သက်ပြီး စင်ကာပူနိုင်ငံခြားရေးဝန်ကြီး Dr, Vivian Balakrishnan ရဲ့ မကြာသေးမီက <u>ပြောကြားချက်</u>တွေကို ကျမတို့ အလေးထားမှတ်သားထားပါတယ်။ ကျယ်ပြန့်တဲ့အရေးယူဆောင်ရွက်ချက်တွေကို မြင်တွေ့ရဖို့တော့ လိုအပ်နေဆဲ ဖြစ်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

Asia Sun Group of Companies လက်အောက်ခံကုမ္ပဏီများနှင့် ဒါရိုက်တာများအကြောင်း ကျွန်ုပ်တို့ပြုစုထား သည့် အချက်အလက်များကို <u>ယခုနေရာ</u>တွင် ကြည့်ရှုပါ။

Justice For Myanmar ၏ သုတေသနပံ့ပိုးမှုဖြင့် Amnesty International ၏ "<u>မရဏကုန်စည်</u>" အစီရင်ခံစာကို ယခုနေရာတွင် ဖတ်ရှုပါ။

Star Sapphire Group of Companies, လက်အောက်ခံကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအပေါ် အမေရိကန်ပြည် ထောင်စု၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို ကြိုဆိုကြောင်း The Sentry နှင့် Justice For Myanmar တို့၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/